# ပုဂ္ဂလပညတ်ဆေးပညာ

ဝေဝင်း
တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)

ပုဂ္ဂလပညတ်ဆေးပညာသည် မြန်မာ့တိုင်းရင်းဆေးပညာ၏ အခြေခံဖြစ်သော နယကြီး (၄) ပါးတို့တွင် အကျုံးဝင်သော ဆေးပညာဖြစ်သည်။ အဆိုပါဆေးပညာသည် ဓာတ်ကြီးလေး ပါးတို့၏ သဘာဝလက္ခဏာကို အခြေခံထား၍ ပိဋကတ် ဗေဒင်နည်းစုံလင်အောင် ထိုးထွင်းကြံ စည်ပေါင်းစပ်ပြီး အတိုင်းမသိ သိမ်မွေ့နက်နဲကျယ်ပြန့်လှသော ဆေးပညာရပ်ဖြစ်သကဲ့သို့ ရှေးဘုန်းကံ ပါရမီကြီးမားရင့်သန်ကြသော ပညာရှင်များက ကြံစည်ဖော်ထုတ်ခဲ့သော ဆေးပ ညာရပ်ဖြစ်ပေသည်။ ယခုစာတမ်းကို တိမ်မြုပ်ပျောက်ကွယ် လုနီးပါးဖြစ်နေသော မြန်မာ့ တိုင်းရင်းဆေးပညာတစ်ရပ်ကို ပြန်လည်ဖော်ထုတ် တင်ပြရန်၊ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက် ကုသမှုပေးသော ဆရာများအတွက် ကုသမှုအထောက်အကူပြုရန် ရည်ရွယ်တင် ပြခြင်းဖြစ်ပါသည်။